**သင်ရိုး ၃**

# မဟာဗျူဟာအစီအစဉ်ရေးဆွဲခြင်းအတွက် အခြေခံသဘောတရားများ ချမှတ်ခြင်း - ဆန်းစစ်သုံးသပ်မှုအတွက် အကဲဖြတ်တိုင်းတာခြင်းနည်းစနစ်များ

https://www.beautifultrouble.org/training/for-trainers

## ခြုံငုံချက်

ဤသင်ရိုးသည် အကဲဖြတ်တိုင်းတာခြင်း နှင့် ဆန်းစစ်သုံးသပ်ခြင်း (သတင်းအချက်အလက်များ စုဆောင်းခြင်း နှင့် စိစစ်ခြင်း လုပ်ငန်းစဉ်) တို့ကို မိမိတို့ မျှော်ရည်ချက်ကို ဖော်ထုတ်ခြင်း မှ လှုပ်ရှားမှုမဟာဗျူဟာ ဖြစ်ရပ်လေ့လာချက်များကို ဖော်ထုတ်လေ့လာခြင်းအထိ ပေါင်းကူးပေးနိုင်ရန် မည်သို့ အသုံးပြုရမည်ကို အာရုံစိုက်လေ့လာခြင်းဖြစ်သည်။

## မိတ်ဆက်

Antonio Machado က *လမ်းဆိုသည်မှာလျှောက်ရင်းဖောက်ရသည်* ဟုပြောသည်။ မိမိတို့ အဖွဲ့၏ လားရာနှင့်ပတ်သက်၍ အကြံဉာဏ်ကောင်းများရှိထားရန် အထောက်အကူပြုနိုင်သည်။ မိမိတို့ လျှောက်သည့်အခါ အသုံးပြုမည့် ဖိနပ်အမျိုးအစားကို သိရှိနိုင်ရန်လိုအပ်ပြီး၊ ခရီးကြာရှည်နိုင်မည့် အတိုင်းအတာကို သိရှိ ရမည်။ ထိုနေရာတွင် မဟာဗျူဟာ အကဲဖြတ်ဆန်းစစ်ခြင်း လိုအပ်လာသည်။

ဆန်းစစ်အကဲဖြတ်ခြင်း နှင့် ဆန်းစစ်သုံးသပ်ခြင်း - ကောင်းမွန်သည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်အတွက် မိမိတို့ အဖွဲ့လိုအပ်သည့် သတင်းအချက်အလက်များကို စုဆောင်းခြင်း နှင့် စိစစ်သုံးသပ်ခြင်း - တို့သည် မဟာဗျူဟာအစီအစဉ်ကောင်း တစ်ရပ်အတွက် အဓိကကျသည့် အဆင့်များဖြစ်သည်။ ပြီးပြည့်စုံသော အချက်အလက်များ ရရှိရန် မဖြစ်နိုင်သော်လည်း ဆန်းစစ်အကဲဖြတ်ခြင်း နှင့် ဆန်းစစ်သုံးသပ်ခြင်းတို့သည် မိမိတို့ အဖွဲ့အတွက် အကောင်းဆုံးဖြစ်နိုင်သည့် အချက်အလက်များကို စေ့ငှစွာ ရရှိခြင်းဖြင့် ကောင်းမွန် မှန်ကန်သည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ပြီး၊ ပြုပြင်ပြောင်းလဲမှုများကို လိုအပ်သလို လုပ်ဆောင်နိုင်မည်ဖြစ်သည်။ မိမိတို့ လျှောက်သည့် လမ်းကြောင်းသည် အခက်အခဲများ ကြုံရနိုင်သော်လည်း ဆက်လျှောက်ရန် အရေးကြီးသည်။ ဆက်လက်လျှောက် လှမ်းနေစဉ်တွင် ပုံမှန်ဖြစ်သည့် ဆန်းစစ်မှုများကို လုပ်ဆောင်ရမည် ဖြစ်သည်။

ဤသင်ရိုးသည် 2 Finding Common Ground: Setting Vision + Principles တွင် ဖော်ပြထားသည့် မျှော်ရည်ချက်နှင့် နှုန်းစံတန်ဖိုးများအဆင့်မှ လှုပ်ရှားမှု မဟာဗျူဟာတွင် ပါဝင်သည့် အသေးစိတ်အစီအစဉ်များ နှင့် သင်ရိုး ၄ တွင် ဖော်ပြထားသည့် လှုပ်ရှားမှုဒီဇိုင်းဆီသို့ ကူးပြောင်းရာတွင် အထောက်အကူပြုပေးနိုင်မည့် သတင်းအချက်အလက်များကို မည်သို့ စုဆောင်းရမည်ကို အလေးပေးဖော်ပြထားခြင်း ဖြစ်သည်။ (အတွေ့အကြုံအပေါ် အခြေခံ၍ ပြန်လည် မေးမြန်းဆွေးနွေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း ဆိုင်ရာ လေ့ကျင့်ခန်းများကို 11 Debrief and evaluation tools တွင် လည်း ကြည့်ရှုသင့်သည်။)

လှုပ်ရှားမှုလုပ်ဆောင်နေသည့် အကြောင်းအရာများ သို့မဟုတ် မိမိတို့ ပါဝင်သည့် လှုပ်ရှားမှုနှင့်ပတ်သက်သည့် အဓိကကျသည့် မေးခွန်းအသေးစိတ်ကို ဖြေဆိုနိုင်ရန် အထောက်အကူပြုပေးနိုင်သည့် လုပ်ငန်းစဉ်များမှတစ်ဆင့် လှုပ်ရှားမှုဆောင်ရွက်နေသည့် အဖွဲ့အား ဦးဆောင်ပေးသည့် လုပ်ငန်းစဉ်တစ်ခုအဖြစ် မဟာဗျူဟာမြောက် အကဲဖြတ်ဆန်းစစ်ခြင်းကို ရှုမြင်နိုင်လျှင် အထောက်အကူဖြစ်နိုင်ပါသည်။

- **ဘယ်သူလဲ?** အဓိကပါဝင်ပတ်သက်သူများ (ဤအကြောင်းကိစ္စ၏ သက်ရောက်မှုခံရသူများ) မှာ မည်သူတို့ ဖြစ်သနည်း။ မိမိတို့အနေဖြင့် ထိုသူများအား အကြောင်းကိစ္စနှင့်ပတ်သက်၍ ကွဲပြားသော အမြင်များဖြစ်လာစေရန် ဆွဲဆောင်စည်းရုံးနိုင်မည်ဆိုပါက မည်သူတို့က ရလဒ်ကို ပြောင်းလဲပေးနိုင်မည်နည်း။ (“မည်သူ” ဆိုသည့် လုပ်ငန်းစဉ်များတွင် Spectrum of Allies နှင့် Stakeholder Mapping တို့ပါဝင်သည်။
- **ဘာကြောင့်လဲ?** - အဓိကပါဝင်ပတ်သက်သူများသည် အဘယ်ကြောင့် ယင်းကဲ့သို့ ပြုမူနေရသနည်း။ (“အဘယ်ကြောင့်” နည်းစနစ်တွင် The Onion ပါဝင်သည်။)
- **ဘာလဲ? -** ပြဿနာကို ဖြစ်ပေါ်စေသည့် သို့မဟုတ် လျှော့ချပေးနိုင်သည့် အချင်းအရာများကား မည်သည်တို့ ဖြစ်သနည်း။ ပြဿနာများ၏ ရေသောက်မြစ်များ နှင့် အကျိုးဆက်များက မည်သည်တို့ ဖြစ်သနည်း။ (“ဘာလဲ” နည်းစနစ်တွင် Analysis Tree ပါဝင်သည်။)

- **ဘယ်လိုလဲ?** အကြောင်းကိစ္စသည် မည်သို့ ပေါ်ပေါက်လာသနည်း။ ပါဝါရှိသူများ သို့မဟုတ် လက်ရှိ တည်ဆဲအခြေအနေသည် မည်သို့ ဆက်လက်ဖြစ်ပေါ်နေသနည်း (သို့မဟုတ်) ထိန်းချုပ်နိုင်နေသနည်း။
- **ဘယ်အချိန်လဲ?** ပဋိပက္ခ မည်သည့်အချိန်တွင် ဖြစ်ပေါ်သနည်း။ သမိုင်းကြောင်းအရာ ထပ်ခါတလဲလဲ ဖြစ်ပေါ်ခြင်း သို့မဟုတ် ဖော်ထုတ်သတ်မှတ်နိုင်သည့် ဖြစ်ရပ်များ ရှိပါသလား။ ("ဘယ်အချိန်လဲ" နည်းစနစ်များတွင် Historical Timeline ပါဝင်သည်။)
- **ဘယ်နေရာလဲ?** ပဋိပက္ခမည်သည့်နေရာတွင် ဖြစ်ပွားသနည်း။ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ စနစ်တည်ဆောက်မှု နှင့် ယဉ်ကျေးမှုဝလေ့ ဆိုင်ရာ နောက်ခံအခြေအနေအဆက်အစပ်များကို ထည့်သွင်းစားရမည်။

အောက်ဖော်ပြပါ အသုံးဝင်သည့် လေ့ကျင့်ခန်းများသည် အဖွဲ့တစ်ဖွဲ့အား ၎င်းတို့ ကြုံတွေ့နေရသည့် အခြေအနေကို ဆန်းစစ်သုံးသပ်ရန်နှင့် ဆန်းစစ်အကဲဖြတ်ရန် အထောက်အကူပြုနိုင်ပြီး၊ ၎င်းတို့အနေဖြင့် ခိုင်မာအားကောင်းသည့် မဟာဗျူဟာ အစီအစဉ်ကို ချမှတ်နိုင်မည် ဖြစ်သည်။ ဆန်းစစ်အကဲဖြတ်ခြင်းဆိုင်ရာ မေးခွန်းများကို အသေးစိတ် ဖော်ထုတ်ပေးသည့် ထပ်မံဖြည့်စွက်လေ့လာရမည့် နည်းစနစ်များအတွက် တိကျသည့် လုပ်ငန်းစဉ်ဆိုင်ရာ ဖော်ပြချက်များကို ကြည့်ပါ။

---

## အဓိကကျသော သဘောတရားများ

**ဆန်းစစ်အကဲဖြတ်ခြင်း -** မဟာဗျူဟာအစီအစဉ်ရေးဆွဲခြင်းအတွက် ဆန်းစစ်အကဲဖြတ်ခြင်းဆိုင်သည်မှာ ဖြစ်ရပ်တစ်ခု၊ လုပ်ဆောင်ချက်တစ်ခု သို့မဟုတ် သက်ဆိုင်ရာ ပဋိပက္ခအခြေအနေတစ်ခုတွင် ပါဝင်သည့် ပါဝင်ဖက်များအား တိုင်းတာ ရန် အသုံးပြုသည့် ကျယ်ပြန့်သည့် နည်းလမ်းများ သို့မဟုတ် နည်းစနစ်များကို ဆိုလိုသည်။

**ဆန်းစစ်သုံးသပ်ခြင်း -** မဟာဗျူဟာအစီအစဉ်ရေးဆွဲခြင်းအတွက် ဆန်းစစ်သုံးသပ်ခြင်းဆိုသည်မှာ အခြေအနေတစ်ခု သို့မဟုတ် အကြောင်းကိစ္စတစ်ခုအပေါ်တွင် ဖြစ်ပေါ်နေသည့် သက်ရောက်မှုများကို နားလည်နိုင်ရန်အတွက် ဆန်းစစ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်မှ ရရှိလာသည့် သတင်းအချက်အလက်များကို အသေးစိတ် စိစစ်ဆေးသုံးသပ်ခြင်းကို ဆိုလိုသည်။

## ထပ်မံလေ့လာနိုင်သည့် အချက်အလက်များ

- အသေးစိတ် မဟာဗျူဟာအစီအစဉ်ရေးဆွဲခြင်း လုပ်ငန်းစဉ်အသေးစိတ် နှင့် အခြား နည်းသေးစိတ်နည်းစနစ်များ ကို လေ့လာလိုပါက Canvas Core Curriculum, Organic model for strategic planning သို့မဟုတ် Emergent Strategy တို့တွင် လေ့လာပါ။
- **အောက်ဖော်ပြပါ နည်းစနစ်များအားလုံးကို SNAP ၏ အခန်း ၅ တွင် လေ့လာနိုင်သည်။**
  - **အင်္ဂလိပ်ဘာသာ -** SNAP: Synergizing Nonviolent Action and Peacebuilding
  - **အာရေဗျဘာသာ -** SNAP: Synergizing Nonviolent Action and Peacebuilding
  - **စပိန်ဘာသာ -** SNAP: Synergizing Nonviolent Action and Peacebuilding
  - **ဒါရီဘာသာ -** SNAP Guidebook Dari.pdf
  - **ပတ်ရှ်တိုဘာသာ -** SNAP Guidebook Pashto.pdf
  - **ပြင်သစ်ဘာသာ -** SNAP-Unit-5-Assess-Build-Awareness-Better-Strategy_FRENCH_FINAL_Reviewed_Clean.docx
  - **မြန်မာဘာသာ -** SNAP: Synergizing Nonviolent Action and Peacebuilding (Burmese)

---

## သင်တန်းတွင်းလုပ်ဆောင်ချက်အစီအစဉ်များ

| လေ့ကျင့်ခန်း | ခြုံငုံချက် | အချိန် | အားစိုက်မှု အဆင့် |
|---|---|---|---|
| ပါဝင်ထောက်တိုင်များ | သင်၏ ဦးတည်စည်းရုံးရမည့်သူများအတွက် အထောက်အပံ့ဖြစ်စေသည့် အင်စတီကျူးရှင်းများကို ဖော်ထုတ်ခြင်းဖြစ်သည်။ ဤနည်းအားဖြင့် ၎င်းတို့၏ ပါဝါကို လျော့နည်းစေ ခြင်း သို့မဟုတ် ပျက်ပြားစေခြင်းတို့ လုပ်ဆောင်နိုင်သည်။ | ၄၀-၆၀ မိနစ် | နည်းပါး |
| ဘယ်လို နှင့်ဘယ်သူ? ပါဝါ ပုံဖော်ရေးဆွဲခြင်း/အဓိက ပါဝင်ပတ်သက်သူများ ကို ပုံဖော်ရေးဆွဲခြင်း | သင်ဦးတည်စည်းရုံးရမည့် အခြေခံပစ်မှတ်များကို ဖော်ထုတ်နိုင်ရန်အတွက် လက်ရှိ ဖြစ်ပေါ်လျက်ရှိ သည့် ပါဝါ အခင်းအကျင်းများကို ပုံဖော်ရေးဆွဲ၍၊ အောင်မြင်နိုင်မည့် လှုပ်ရှားမှု မဟာဗျူဟာတစ်ရပ်ကို ဒီဇိုင်းရေးဆွဲရမည်။ | ၄၀-၆၀ မိနစ် | နည်းပါး |
| ဘယ်သူ? မဟာမိတ်များ၏ တည်နေရာများ | မဟာမိတ်များ နှင့် ဆန့်ကျင်ဖက်များကို နေရာချထားရာတွင် တက်ကြွသည့် ဆန့်ကျင်ဖက်များမှ စ၍ တက်ကြွသည့် မဟာမိတ်များအထိ နေရာချထားခြင်းအားဖြင့် မိမိတို့အတွက် အထောက်အကူပြုမှုများ တိုးတက် စေရန် လုပ်ဆောင်နိုင်ပြီး၊ မိမိတို့၏ ဆန့်ကျင် ဖက်များ၏ အထောက်အပံ့များကို မိမိတို့ ဖက်သို့ ရောက်ရှိစေရန် ပြောင်းရွှေ့နိုင်မည် ဖြစ်သည်။ | ၄၅ -၆၀ မိနစ် | နည်းပါး |
| ဘာလဲ? ဆန်းစစ်သုံးသပ်ခြင်းသစ်ပင် | လူအများကြုံတွေ့နေရသည့် ပြဿနာများ နှင့် ထပ်ခါတလဲလဲ ဖြစ်ပျက်နေသည့် အကြောင်းအရာ များကို ဦးစားပေးအဆင့်သတ်မှတ်ရန်၊ စုစည်းနိုင် ရန် နှင့် ဖော်ထုတ်နိုင်ရန်တို့အတွက် အခြေအနေများကို ဆန်းစစ်သုံးသပ်ခြင်း ဖြစ်သည်။ | ၃၀-၄၅ မိနစ် | နည်းပါး |
| ဘာကြောင့်လဲ? ကြက်သွန်နီ | လူများ နှင့် အဖွဲ့အစည်းများသည် ၎င်းတို့ ထုတ်ဖော် ပြောကြားထားသည့် ရပ်တည်ချက်များ ထက်ပို၍ ရှုပ်ထွေးမှုရှိသည်။ ရန်သူများ နှင့် မိတ်ဆွေများအား ကြက်သွန်နီအခွန်ခွာသကဲ့သို့ လွှစ်ဟကြည့်နိုင်မည်ဆိုလျှင် ဖြစ်နိုင်ချေရှိသည့် မဟာမိတ်များကို ရှာဖွေနိုင်မည်ဖြစ်ပြီး၊ ပါဝါရှိသူများ၏ အကျိုးစီးပွားပဋိပက္ခများကို ဖော်ထုတ်နိုင်မည်ဖြစ်သည်။ | ၃၀-၄၅ မိနစ် | နည်းပါး |
| ဘယ်အချိန်လဲ? | ပဋိပက္ခသမိုင်းကြောင်းကို အချိန်ပြဇယားကို ဖော်ထုတ်ခြင်းအားဖြင့် | ၄၅-၆၀ မိနစ် | အလယ်အလတ်-မြင့်မာ |

| | | | |
|---|---|---|---|
| သမိုင်းဆိုင်ရာအချိန်ပြဇယား | ပါဝင်ပတ်သက်သူများအနေဖြင့် ပဋိပက္ခကို တိုးပွားစေမည့် သို့မဟုတ် ဖြေရှင်းနိုင်စေမည့် ဖြစ်နိုင်ချေရှိသည့် "အခွင့်အလမ်းပြတင်းပေါက်များ" ကို ဖော်ထုတ်နိုင်မည်ဖြစ်သည်။ | | း |
| ဘယ်နေရာလဲ? ပေါင်းစပ်သည့်အရာများ/ ခွဲခြားပေးသည့်အရာများ | လူ့အဖွဲ့အစည်းအတွင်း တည်ရှိနေသည့် ပေါင်းစပ်ပေးသည့်အရာများ နှင့် ခွဲခြားပေးသည့် အရာများကို ဆန်းစစ်ခြင်းဖြင့် လှုပ်ရှားမှုများသည် ခွဲခြားမှုများကို မည်သို့ ထပ်မံဖြစ်ပေါ်စေနိုင်သည် သို့မဟုတ် ပဋိပက္ခ အကျက်ကွဲမှုများအတွင်း ပေါင်းစည်းမှုများကို တည်ဆောက်ပေးနိုင်သည်ကို ကြိုတင်ခန့်မှန်းနိုင်မည်ဖြစ်သည်။ | ၄၀-၆၀မိနစ် | နည်းပါး |

၂၀၂၁
https://www.beautifultrouble.org/training/for-trainers